## စာပေဗိမာန် စာမူဆု ရွေးချယ်ရေးအဖွဲ့
## ကလေးစာပေ အဖွဲ့ငယ်၏ မှတ်ချက်

ကလေးကဗျာ အပုဒ် (၇၀) ပါဝင်သည်။ ကလေးစာပေသည် ကလေးအတွေး၊ ကလေးစိတ်ကူးနှင့် ရေးသားရသည်။ စကားပြေဆိုလျှင် ဝါကျတိုရမည်၊ အဓိပ္ပာယ်ရှင်းလင်းလွယ်ကူရမည်။ ကဗျာဆိုလျှင်လည်း တိုတိုနှင့် ဆို၍ ရွတ်၍ ကောင်းရမည်။ အသံချိုရမည်၊ အဓိပ္ပာယ်ရှင်းရမည်။

ကန့်ဘလူခင်မောင်ဆွေ၏ ကဗျာများသည် တိုတုတ်ပြီး အဓိပ္ပာယ်ရှင်းလင်း လွယ်ကူခြင်း၊ အသံချို၍ ရည်ရွယ်ချက်ကောင်းသည့်ဂုဏ်များနှင့် ပြည့်စုံသည်ကို တွေ့ရသည်။ အထူးသဖြင့် မူလတန်းနှင့် မူလတန်းအောက်ဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားနည်း အထောက်အကူပြု ကဗျာများဟု သုံးသပ်မိပါသည်။

ပြည်နယ်ဖွဲ့ကဗျာများ၊ သတ်ပုံကဗျာများ၊ ဗျည်းသရကဗျာများသည် ကျောင်းသား၊ ကျောင်းသူများအတွက် အမှန်အသုံးဝင်မည့် ကဗျာများ ဖြစ်ပါသည်။ ဆရာကန်တော့ပွဲ၊ အမိုက်ကောက်မယ်၊ လက်ဆေးပါ၊ စာဖတ်ခန်း၊ မြန်မာပြည်၊ ကုသိုလ်ယူတဲ့ပွဲ၊ အရုပ်ကမ္ဘာ၊ ဦးသူတော်လို၊ ပလုတ်တုတ်၊ မေမေ့ဈေးတောင်း စသည့် ကဗျာများသည်လည်း ကလေးများ ရွတ်ဖတ်ကာ ဟန်အမူအရာနှင့် သီဆိုနိုင်သည့် ကဗျာများ ဖြစ်ပါသည်။ ကလေးစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ငယ်က ပထမဆုအဖြစ် တညီတညွတ်တည်း ရွေးချယ် အတည်ပြုပါသည်။